ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဆွေးနွေးသည့် အဆိုများ

စဉ်	တင်သွင်းသူအမည် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ	အဆိုအကြောင်းအရာ	အဆို တင်သည့်နေ့	ဆုံးဖြတ်သည့် နေ့	ရှင်းလင်းဖြေကြားသည့်ဌာန	မှတ်ချက်
၁။	ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ	ပေ - ပေါင် -စက္ကန် ၊ ယူနစ်စနစ် Imperial Unit System) မှ စင်တီမီတာ - ဂရမ် - စက္ကန့် ယူနစ်စနစ် (Metric Unit System)သို့ ပြောင်းလဲသုံးစွဲရေး သတ်မှတ်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ။	၂၆.၁.၂၀၁၂ ပထမနေ့	၂၇.၁.၂၀၁၂ ဒုတိယနေ့	ဒေါက်တာကိုကိုဦး ဒုတိယဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန	အတည်ပြု
၂။	ဒေါ်ခင်ဝိုင်းကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ	ကိုယ်ဝန်ဆောင်ဝန်ထမ်းအမျိုးသမီးများအား မီးဖွားခွင့်ရက် တိုးမြှင့် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ။	၂၆.၁.၂၀၁၂ ပထမနေ့	၂၇.၁.၂၀၁၂ ဒုတိယနေ့	ဦးကျော်သူ ဥက္ကဋ္ဌ ပြည်ထောင်စု ရာထူးဝန်အဖွဲ့	အတည်ပြု
၃။	ဦးတင်မောင်ဝင်း မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ	ပညာရေးဝန်ကြီးဌာနမှ ခန့်ထားပြီးသော ဘွဲ့ရအထွေထွေလုပ်သားများကို ဆရာအတတ်သင်ကျောင်းသို့ တက်ရောက်ခွင့် ရရှိစေပြီး မူလတန်းပြဆရာ/ဆရာမအဖြစ် ပြောင်းလဲခန့်ထားနိုင်ပါက ၎င်းတို့ ဘဝတက်လမ်း ပွင့်လင်းလာမည်ဖြစ်ပါ၍ အသက်ကန့်သတ်ချက် နှင့် ကျောင်းဝင်ခွင့် စည်းမျဉ်းများ ပြင်ဆင်ချမှတ်ပေးသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ။	၂၇.၁.၂၀၁၂ ဒုတိယနေ့	၃၀.၁.၂၀၁၂ တတိယနေ့	ဦးအေးကြူ ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန	ရုပ်သိမ်း

စဉ်	တင်သွင်းသူအမည် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ	အဆိုအကြောင်းအရာ	အဆို တင်သည့်နေ့	ဆုံးဖြတ်သည့် နေ့	ရှင်းလင်းဖြေကြားသည့်ဌာန	မှတ်ချက်
၄။	ဒေါက်တာမြင့်ကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ	မြန်မာနိုင်ငံပညာရေးကို ပြန်လည်ဆန်းစစ်၍ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။	၂၇.၁.၂၀၁၂ ဒုတိယနေ့	၃၀.၁.၂၀၁၂ တတိယနေ့	ဦးအေးကြူ ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန	အတည်ပြု
၅။	ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ	စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ ဒေါက်တာဘိုကြီး (ခ)ဦးအောင်ငွေကွယ်လွန်သွားခြင်းအတွက်အထူးဝမ်းနည်းကြောင်း အဆို။		၃၀.၁.၂၀၁၂ တတိယနေ့	ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်	မှတ်တမ်းတင်ကြောင်းနှင့် အဆိုပါ အဆိုနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးချက်မှတ်တမ်းကို သပ်ရပ်စွာပြုစု၍

စဉ်	တင်သွင်းသူအမည် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ	အဆိုအကြောင်းအရာ	အဆို တင်သည့်နေ့	ဆုံးဖြတ်သည့် နေ့	ရှင်းလင်းဖြေကြားသည့်ဌာန	မှတ်ချက်
						ကွယ်လွန်သူ အမွေခံ ထံသို့ ပေးပို့ရန် ဆုံးဖြတ် သည် ။
၆။	ဦးဇော်နိုင်ဦး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)	နိုင်ငံအတွင်းရှိ မြို့ပြများနှင့် နီးပြီး ငြိမ်းချမ်းမှုမရှိသော ဒေသများနှင့် ဆက်စပ်လျက်ရှိသောကျေးရွာများတွင်နေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ လိုအပ်ချက်များနှင့် တွေ့ကြုံခံစားနေရသော အခက်အခဲများအား စစ်ကြောင်းကြီးများနှင့် သွားရောက်၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို ။	၃၀.၁.၂၀၁၂ တတိယနေ့	၁၇.၂.၂၀၁၂ ပဉ္စမနေ့	ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အတည်ပြု
၇။	ဦးဝင်းနောင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)	နိုင်ငံတော်တစ်ဝန်းတွင်ယာဉ်မတော်တဆဖြစ်မှုများနှင့် ယာဉ်မတော်တဆမှုကြောင့်လူများထိခိုက်ဒဏ်ရာရ သေဆုံးရမှုများ အမှန်တကယ် လျော့နည်းကျဆင်းသွားစေရန်အတွက်သင့်လျော်သည့်နှစ်ကာလတစ်ခုကို လျာထားသတ်မှတ်၍မဖြစ်မနေချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်းပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို ။	၁၅.၂.၂၀၁၂ စတုတ္ထနေ့	၁၇.၂.၂၀၁၂ ပဉ္စမနေ့	ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အတည်ပြု

စဉ်	တင်သွင်းသူအမည် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ	အဆိုအကြောင်းအရာ	အဆို တင်သည့်နေ့	ဆုံးဖြတ်သည့် နေ့	ရှင်းလင်းဖြေကြားသည့်ဌာန	မှတ်ချက်
၈။	ဒေါက်တာမြင့်ကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)	တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါး တိုးတက်မြင့်မားစေရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက်ဆောင်ရွက်ပေးရန်ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို။	၃၀.၁.၂၀၁၂ တတိယနေ့	၂၀.၂.၂၀၁၂ ဆဋ္ဌမနေ့	ဦးခင်ဇော် ဒုတိယဝန်ကြီး လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်း ဝန်ကြီးဌာန	အတည်ပြု
၉။	ဦးလှဆွေ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)	အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်၂၀၁၃ဆီးဂိမ်းပြိုင်ပွဲအတွက်ရည်ရွယ်၍အခြေခံပညာ/အဆင့်မြင့်ပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ ၊ တိုင်းနှင့်ပြည်နယ် အားကစားပြိုင်ပွဲများ၊ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအား နိုင်ငံတစ်ဝန်းကျင်းပလျက် မျိုးဆက်သစ် ရွက်ပုန်းသီးအားကစားသမားများကို မွေးထုတ်ကာ ကြိုတင်ရွေးချယ်စခန်းသွင်းလေ့ကျင့်သွားရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ။	၂၀.၂.၂၀၁၂ ဆဋ္ဌမနေ့	၂၁.၂.၂၀၁၂ သတ္တမနေ့	ဦးအေးမြင့်ကြူ ဒုတိယဝန်ကြီး အားကစားဝန်ကြီးဌာန	မှတ်တမ်းတင်
၁၀။	ဦးမြင့်ထွန်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)	လယ်သမားများ၏ဘဝတိုးတက်ရေးအား အချိန် နှင့် တစ်ပြေးညီ ကူညီပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သလို လမ်းညွှန်ပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းပါကြောင်း အဆို ။	၂၉.၂.၂၀၁၂ အဋ္ဌမနေ့			၂၉.၂.၂၀၁၂ တွင် တင်သွင်းဆိုင်းငံ့

စဉ်	တင်သွင်းသူအမည် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ	အဆိုအကြောင်းအရာ	အဆို တင်သည့်နေ့	ဆုံးဖြတ်သည့် နေ့	ရှင်းလင်းဖြေကြားသည့်ဌာန	မှတ်ချက်
၁၁။	ဦးဥာဏ်လင်း ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)	ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ဝိဇ္ဇာပညာရပ်များ နှင့် သိပ္ပံပညာရပ်များကို သင်ကြားပေးနေသော တက္ကသိုလ်များ၌ နိုင်ငံရေး သိပ္ပံဘာသာရပ်ကို ထပ်ဆောင်းဘာသာရပ်အဖြစ် သင်ကြားပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို ။	၂၉.၂.၂၀၁၂ အဋ္ဌမနေ့	၁.၃.၂၀၁၂ နဝမနေ့	ဦးဘရွှေ ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန	စာသားပြောင်း၍ အတည်ပြုသည်
၁၂။	ဦးခင်မောင်ရီ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)	ပညာရေးမြှင့်တင်ရေးဆိုင်ရာပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆို။	၂၉.၂.၂၀၁၂ အဋ္ဌမနေ့	၆.၃.၂၀၁၂ ဒသမနေ့	ဒေါက်တာမြအေး ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန	မှတ်တမ်းတင်
၁၃။	ဒေါက်တာမြတ်ဥာဏစိုး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)	ဝိဇ္ဇာအထူးပြုဘာသာရပ်များကို အခြေခံပညာနှင့် အဆင့်မြင့်ပညာရေးတွင် ပိုမိုတိုးတက်သင်ကြားပေးရန်နှင့် ဝိဇ္ဇာဘွဲ့ရသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို ။	၂၉.၂.၂၀၁၂ အဋ္ဌမနေ့	၈.၃.၂၀၁၂ (၁၁)ရက်မြောက်နေ့	ဦးအေးကြူ ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန	မှတ်တမ်းတင်
၁၄။	ဦးဘိုးရယ် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)	ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေး စခန်းသစ်တစ်ခုအား ဒေသတွင်း လုံခြုံငြိမ်းချမ်းမှု ရရှိသည်နှင့် တပြိုင်နက်စောလျင်စွာ ဦးစားပေး ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ။	၆.၃.၂၀၁၂ ဒသမနေ့	၈.၃.၂၀၁၂ (၁၁)ရက်မြောက်နေ့	ဒေါက်တာပွင့်ဆန်း ဒုတိယဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	စာသားပြောင်း၍ အတည်ပြုသည်

စဉ်	တင်သွင်းသူအမည် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ	အဆိုအကြောင်းအရာ	အဆို တင်သည့်နေ့	ဆုံးဖြတ်သည့် နေ့	ရှင်းလင်းဖြေကြားသည့်ဌာန	မှတ်ချက်
၁၅။	ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)	လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေမျှားထိရောက်စွာ ထုတ်လွှတ်ပေးဝေရယူရေး အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ။	၈.၃.၂၀၁၂ (၁၁)ရက်မြောက် နေ့	၉.၃.၂၀၁၂ (၁၂)ရက်မြောက် နေ့	ဦးခင်ဇော် ဒုတိယဝန်ကြီး လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန	အတည်ပြု
၁၆။	ဦးမြင့်ထွန်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)	အစိုးရဌာနများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှု ရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော စနစ်အတွက်အထောက်အကူဖြစ်စေရေးပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆို ။	၉.၃.၂၀၁၂ (၁၂)ရက်မြောက် နေ့	၁၂.၃.၂၀၁၂ (၁၃)ရက်မြောက် နေ့	ဦးစိုးမောင် ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီး ဌာန(၂)	အတည်ပြု
၁၇။	ဒေါက်တာမြတ်ဥာဏစိုး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)	ရန်ကုန် - မန္တလေးအမြန် လမ်းမကြီးတွင် အသက်အန္တရာယ်အမျှားအပြားဆုံးရှုံးသည်အထိယာဉ်မတော်ဆမ္ဘမျှားဖြစ်ပွားနေပါ၍အရေးပေါ်ကယ်ဆယ်ရေး ယူနစ်များ စီမံထားရှိပေးရန် ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်းအဆို ။	၁၂.၃.၂၀၁၂ (၁၃)ရက်မြောက် နေ့	၁၃.၃.၂၀၁၂ (၁၄)ရက်မြောက် နေ့	ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အတည်ပြု

စဉ်	တင်သွင်းသူအမည် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ	အဆိုအကြောင်းအရာ	အဆို တင်သည့်နေ့	ဆုံးဖြတ်သည့် နေ့	ရှင်းလင်းဖြေကြားသည့်ဌာန	မှတ်ချက်
၁၈။	ဦးဥာဏ်လင်း ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)	တရားရေးမဏ္ဍိုင်ကို ထိန်းကျောင်းတည့်မတ်နိုင်သော အရည်အချင်းပြည့်ဝသည့် ရှေ့နေကောင်းများပေါ်ထွန်းလာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ။	၁၂.၃.၂၀၁၂ (၁၃)ရက်မြောက် နေ့	၁၄.၃.၂၀၁၂ (၁၅)ရက်မြောက် နေ့	ဦးထွန်းထွန်းဦး ဒုတိယရှေ့နေချုပ် ရှေ့နေချုပ်ရုံး	စာသားပြောင်း၍ မှတ်တမ်းတင်
၁၉။	ဒေါက်တာအေးမောင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)	ဝန်ထမ်းအဖွဲ့အစည်းအချို့အား ဖျက်သိမ်းခြင်း ၊ ချုံ့ခြင်း ၊ ချဲ့ခြင်းနှင့် အသစ်ဖွဲ့စည်းခြင်းများ စနစ်တကျပြုလုပ်ပြီး နိုင်ငံဝန်ထမ်းများ၏ တာဝန်၊ လုပ်ပိုင်ခွင့် ၊ ရပိုင်ခွင့် နှင့် အဆောင်အယောင်များ လစာနှုန်းထားများကို နိုင်ငံတကာစံ ဒေသတွင်းနှင့် အရှေ့တောင်အာရှစံဖြစ်ရေး လုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ။	၁၂.၃.၂၀၁၂ (၁၃)ရက်မြောက် နေ့	၁၄.၃.၂၀၁၂ (၁၅)ရက်မြောက် နေ့	ဒေါက်တာကံဇော် ဒုတိယဝန်ကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန	မှတ်တမ်းတင်
၂၀။	ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)	မြန်မာနိုင်ငံ စီးပွားရေး နှင့် အင်ဂျင်နီယာပညာရပ် ဖွံ့ဖြိုးတိုးတက်မှု (Economic And Engineering Development of Myanmar) အတွက် အစီရင်ခံစာများ ပြုစုတင်ပြနိုင်ရေး ၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ/နိုင်ငံခြားကျွမ်းကျင်ပညာရှင်များကို ဌားရမ်းဆောင်ရွက်ရန်နှင့် အဆင့်မြင့်လုပ်ငန်း ကြီးကြပ် ညှိနှိုင်းမှုကော်မတီတစ်ရပ် ဖွဲ့စည်းသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ။	၂၃.၄.၂၀၁၂ (၁၉)ရက်မြောက် နေ့	၂၅.၄.၂၀၁၂ (၂၀)ရက်မြောက် နေ့	ဦးမျိုးအောင် ဒုတိယဝန်ကြီး စက်မှုဝန်ကြီးဌာန	အတည်ပြု

စဉ်	တင်သွင်းသူအမည် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ	အဆိုအကြောင်းအရာ	အဆို တင်သည့်နေ့	ဆုံးဖြတ်သည့် နေ့	ရှင်းလင်းဖြေကြားသည့်ဌာန	မှတ်ချက်
၂၁။	ဦးမောင်အေးထွန်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)	ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ၊ ၄၂၆ ၊ ၄၂၇ တို့၏ ပြစ်မှုပြစ်ဒဏ်များကို ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ။	၂၃.၄.၂၀၁၂ (၁၉)ရက်မြောက်နေ့	၂၅.၄.၂၀၁၂ (၂၀)ရက်မြောက်နေ့	ဦးမြသိမ်း ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး	အတည်ပြု